# The Myanmar Merchandise Marks Act,

## မြန်မာနိုင်ငံ ကုန်အမှတ်အသားများ အက်ဥပဒေ

### ၁၈၈၉ ခုနှစ် အက်ဥပဒေအမှတ် ၄၊ ၁၈၈၉ ခုနှစ် ဧပြီလ ၁ ရက်

၁။ ပယ်ဖျက်ထားသည်။

၂။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက် စကားအဆက်အစပ်နှင့်ဖြစ်စေ ဆန့်ကျင်ခြင်း မရှိလျှင် -

(၁) "ကုန်အမှတ်တံဆိပ်" (Trade Mark) ဆိုသည်မှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၇၈ တွင် ဖွင့်ဆိုထားသည့်အတိုင်း ဖြစ်သည်။

"ကုန်အမှတ်တံဆိပ်" ဆိုသည်မှာ တစ်ဦးတစ်ယောက်သောသူ၏ ထုတ်လုပ်ကုန်စည်ကိုသော်လည်းကောင်း၊ အရောင်းအဝယ် ကုန်စည်ဖြစ်ကြောင်းကိုသော်လည်းကောင်း ဖော်ပြရန် အသုံးပြုသော အမှတ်အသားကိုခေါ်သည်။ (ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၇၈)

(၂) "ကုန်သွယ်မှုဖော်ပြချက်" (trade description) ဆိုသည်မှာ အောက်တွင်ဖော်ပြထားသောတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြသချက် (description)၊ ဖော်ပြချက် (statement) သို့မဟုတ် ညွှန်ပြချက် တစ်စုံတစ်ရာကို ဆိုလိုသည် -

(က) ကုန်စည် တစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ နံပါတ်၊ အရေအတွက်၊ အတိုင်းအတာ၊ စံ (gauge) သို့မဟုတ် အလေးချိန် သို့မဟုတ်

(ခ) ကုန်စည်တစ်စုံတစ်ရာ ပြုလုပ် (သို့) ထုတ်လုပ်သောနေရာ၊ နိုင်ငံ သို့မဟုတ် ကာလ သို့မဟုတ်

(ဂ) ကုန်စည်တစ်စုံတစ်ရာ ထုတ်လုပ်သောနည်းလမ်း သို့မဟုတ်

(ဃ) ကုန်စည်တစ်စုံတစ်ရာတွင် ပါဝင်သော ပစ္စည်းများ သို့မဟုတ်

(င) တည်ဆဲတီထွင်မှု မူပိုင်ခွင့်၊ အခွင့်အရေး သို့မဟုတ် စာပေအနုပညာဆိုင်ရာ မူပိုင်ခွင့်တွင် အကျုံးဝင်သော ကုန်စည်တစ်စုံတစ်ရာ

ထို့ပြင် အထက်ပါအချက်များ၌ ကုန်သွယ်မှုတွင် လုပ်ရိုးလုပ်စဉ်အတိုင်း နံပါတ်၊ စကားရပ်နှင့် အမှတ်အသားများ ဖော်ပြအသုံးပြုခြင်းများကို ဆိုလိုသည်။

(၃) "မမှန်ကန်သော ကုန်သွယ်မှုဖော်ပြချက်" (false trade description) ဆိုသည်မှာ ကုန်စည်နှင့်သက်ဆိုင်သရွေ့မှာ ပါဝင်သော ပစ္စည်းများသည် မမှန်ကန်သော ကုန်သွယ်မှုဖော်ပြချက် ဖြစ်ကြောင်းကို ဆိုလိုပြီး ထပ်တိုး၍ဖြစ်စေ၊ ထပ်ဖြည့်၍ဖြစ်စေ တစ်နည်းနည်းဖြင့်ဖြစ်စေ ပြောင်းလဲထားသော ကုန်သွယ်မှုဖော်ပြချက် အသီးသီးပါဝင်ပြီး ယင်းသို့ပြင်ဆင်ခြင်းကပင် ကုန်သွယ်မှုဖော်ပြချက်ကို မမှန်မကန်ဖြစ်စေပြီး ယင်းကုန်သွယ်မှုဖော်ပြချက်သည် ကုန်အမှတ်တံဆိပ်သို့မဟုတ် ကုန်အမှတ်တံဆိပ်၏ အစိတ်အပိုင်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဤအက်ဥပဒေအရ "မမှန်ကန်သော ကုန်သွယ်မှုဖော်ပြချက်" ဖြစ်ခြင်းမှ ကင်းလွတ်ခွင့်မရနိုင်။

(၄) "ကုန်" ဆိုသည်မှာ ကုန်သွယ်မှု သို့မဟုတ် ထုတ်လုပ်မှု ပြုလုပ်သော တစ်စုံတစ်ရာကို ဆိုသည်။

(၅) "နာမည်" ဆိုသည်တွင် နာမည်တစ်ရပ်၏ အတိုကောက်စာလုံးများ ပါဝင်သည်။

၃။ ပယ်ဖျက်ထားသည်။

**ကုန်သွယ်မှုဖော်ပြချက်များ**

၄။ (၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ကုန်စည်တွင်မမှန်ကန်သော ကုန်သွယ်မှုဖော်ပြချက် သုံးစွဲခြင်း ဆိုရာတွင် နံပါတ်၊ စကားလုံး၊ အမှတ်အသားများ သို့မဟုတ် ၎င်းတို့ကို တွဲစပ် သို့မဟုတ် ပေါင်းစပ်၍ သုံးစွဲခြင်းပါဝင်ပြီး ကုန်အမှတ်တံဆိပ် ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ၎င်းကုန်ထုတ်လုပ် ရောင်းချသော ကုန်စည်မဟုတ်ဘဲ အခြားသူတစ်ဦး ထုတ်လုပ်ရောင်းချသည်ဟု လူများအထင် ရောက်စေမည်ဟု ထင်မြင်ဖွယ်ရာ လုံလောက်သော အကြောင်းရှိစေနိုင်သော ယင်းနံပါတ်၊ စကားလုံး၊ အမှတ်အသားများ သို့မဟုတ် ၎င်းတို့ကို တွဲစပ် သို့မဟုတ် ပေါင်းစပ်၍ သုံးစွဲသော ကုန်များအပေါ်တွင် သက်ဆိုင်မှု ရှိစေရမည်။ (မမှန်ကန်သော ကုန်သွယ်မှုဖော်ပြချက် အဓိပ္ပာယ်အား ထပ်တိုးဖြည့်စွက် ပြဋ္ဌာန်းချက်များ)

(၂) အက်ဥပဒေ ပြဋ္ဌာန်းချက်များအရ မမှန်ကန်သော ကုန်သွယ်မှုဖော်ပြချက် သုံးစွဲရာတွင် မမှန်ကန်သော အမည်ဖြင့် ကုန်ကိုသုံးစွဲခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်၏ အတိုကောက်အမည်ကို သုံးစွဲခြင်းနှင့် မမှန်ကန်သော အမည် သို့မဟုတ် တစ်ဦးတစ်ယောက်၏ အတိုကောက်အမည်ကို ကုန်သွယ်မှု ဖော်ပြချက်အနေဖြင့် သုံးစွဲခြင်းဖြစ်ပြီး ၎င်းအမည်တို့မှာ ကုန်အမှတ်တံဆိပ် သို့မဟုတ် ကုန်အမှတ်တံဆိပ် အစိတ်အပိုင်း မဖြစ်သော်လည်း အဆိုပါ ကုန်သွယ်မှုဖော်ပြချက်ဖြင့် စီးပွားရေးလုပ်ငန်း လုပ်နေသော ပုဂ္ဂိုလ်၏ တရားဝင်ခွင့်ပြုချက် မရဘဲ ၎င်း၏အမည် သို့မဟုတ် အတိုကောက်အမည်နှင့် ထပ်တူဖြစ်သော သို့မဟုတ် အရောင်များ တုပသုံးစွဲထားသော ထပ်တူ ကုန်သွယ်မှု ဖော်ပြချက်ပါ အကျုံးဝင်သည်။

(၃) ကုန်သွယ်မှုဖော်ပြချက် တစ်ရပ်သည် ၎င်းနှင့်အကျုံးဝင်သော မည်သည့်ကုန်တွင်မဆို စံကိုက်၊ စံပေ သို့မဟုတ် စံလက်မများထက် ပိုမို၍ ကိုက်၊ ပေ သို့မဟုတ် လက်မများ ပါဝင်ကြောင်း ဖော်ပြလျှင် သို့မဟုတ် ယင်းသို့ သဘောသက်ရောက်မှုရှိစေလျှင် ယင်းကုန်သွယ်မှုဖော်ပြချက်သည် မမှန်ကန်သော ကုန်သွယ်မှုဖော်ပြချက် ဖြစ်သည်။

၅။ တစ်ဦးတစ်ယောက်သောသူသည် ကုန်ကို ကုန်သွယ်မှုဖော်ပြချက်ဖြင့် သုံးစွဲသည်ဟု ဆိုရာတွင် ရောင်း ချသော သို့မဟုတ် ဖော်ပြထားသော သို့မဟုတ် ရောင်းချရန် လက်ဝယ်ထားသော သို့မဟုတ် ကုန်သွယ်မှုပြုရန် သို့မဟုတ် ထုတ်လုပ်ရန် ရည်ရွယ်ထားရှိသော ကုန်များအပေါ်တွင် အဖုံးအအုပ် (covering)၊ လေဘယ်လ် (Label)၊ reel သို့မဟုတ် အခြားသောအရာများကို သုံးစွဲခြင်းဟုဆိုသည်။ (ခွဲ၍ ပြန်ဆိုထားခြင်းဖြစ်သည်။ trade description သုံးစွဲထားပုံကို အဓိပ္ပာယ် ဖွင့်ဆိုထားသော ပုဒ်မဖြစ်ပါသည်။)

၆။ ကုန်သွယ်မှုဖော်ပြချက်ကို မမှန်မကန် လိမ်လည်ဖော်ပြ၍ အသုံးပြုသူသည် လိမ်လည်ရန် ကြံရွယ်ချက် မရှိကြောင်း သက်သေထင်ရှား မပြနိုင်လျှင် ထောင်ဒဏ် ၃ လထိဖြစ်စေ၊ ငွေဒဏ် ၂၀၀ ကျပ်ထိဖြစ်စေ ချမှတ်ခြင်း ခံရမည်။ ထို့ပြင် နောက် ထပ်မံ ကျူးလွန်မှုအသီးသီးအတွက် ထောင်ဒဏ် ၁ နှစ်ထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၇။ တစ်ဦးတစ်ယောက်သည် ကုန်ကို မမှန်မကန် လိမ်လည်ဖော်ပြ၍ ရောင်းချခြင်း၊ ရောင်းချရန် ပြသခြင်း၊ ကူးသန်းရောင်းဝယ်ခြင်း ထုတ်လုပ်ခြင်းပြုလျှင် ထိုသူသည် အောက်ပါအချက်တစ်ရပ်ရပ်ရှိကြောင်း သက်သေထင် ရှား မပြသနိုင်ပါက ထောင်ဒဏ် ၃ လထိဖြစ်စေ၊ ဒဏ်ငွေ ၂၀၀ ကျပ်ထိဖြစ်စေ ချမှတ်ခြင်းခံရမည်။ ထပ်မံ ကျူးလွန်သော ပြစ်မှုအသီးသီးအတွက် ထောင်ဒဏ် ၁ နှစ်ထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည်။

(က) ပြစ်မှုကျူးလွန်သည့် အချိန်တွင် ကုန်သွယ်မှုဖော်ပြချက် အစစ်အမှန်မှ ဟုတ်လေစွဟု ယုံမှားသံသယ

မရှိခဲ့ကြောင်း ခိုင်လုံသည့် ကြိုတင်သတိပြုမှုများ ရှိပြီးဖြစ်ခြင်း၊

(ခ) အမှုဖွဲ့ဆိုသူ၏ တောင်းဆိုချက်အရ အဆိုပါ ကုန်ကို မည်သူ့ထံမှရရှိကြောင်း သတင်းအချက်အလက်များ ပေးခဲ့ခြင်း၊

(ဂ) မသိနားမလည်ဘဲ ရိုးသားစွာဖြင့် ပြုလုပ်ခဲ့ခြင်း၊

၈။ ကုန်အမှတ်တံဆိပ်ကို လိမ်လည် အသုံးပြုမှုအတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၈၂ အရဖြစ်စေ၊ ကုန်သွယ်မှု ဖော်ပြချက်ကို လိမ်လည်ဖော်ပြ အသုံးပြုသည့်အတွက် ဤအက်ဥပဒေ ပုဒ်မ ၆ အရဖြစ်စေ၊ ကုန်အမှတ်တံဆိပ်အတု၊ အလိမ်ပြုသည့်အတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၈၅ အရဖြစ်စေ စွဲဆိုခြင်းခံရသူသည် -

(က) ကုန်စည်အပေါ်မှ အကျိုးအမြတ် မခံစားရဘဲ အလုပ်သမားအဖြစ် အလုပ်ရှင်၏ ခိုင်းစေချက်အရ လုပ်ရိုးလုပ်စဉ်အတိုင်း ဆောင်ရွက်ရကြောင်း၊

(ခ) လုံလောက်သည့် ကြိုတင်သတိရှိမှုဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊

(ဂ) ကျူးလွန်သည့် အချိန်က ကုန်အမှတ်တံဆိပ် အစစ်အမှန်မှ ဟုတ်လေစွဟု ယုံမှားသံသယ မရှိခဲ့ကြောင်း၊

(ဃ) တရားစွဲဆိုသူက တောင်းဆို၍ ကုန်အမှတ်တံဆိပ်နှင့် ဖော်ပြချက် ပြုလုပ်သူများနှင့် ပတ်သက်သော သတင်းများကို ပေးခဲ့ကြောင်း သက်သေထင်ရှား ပြသနိုင်လျှင် ထိုသူအား တရားသေ လွှတ်ရမည်။

၉။ (၁) ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၈၂ ၄၈၆၊ ၄၈၇၊ ၄၈၈ သို့မဟုတ် ဤအက်ဥပဒေ ပုဒ်မ ၆ နှင့် ၇ အရ စွဲဆိုမှုတွင် ကုန်ပစ္စည်းအတု အလိမ်ဖြစ်ကြောင်း ထင်ရှား၍ ပြစ်ဒဏ်စီရင်သည့် အခါတွင်ဖြစ်စေ၊ ထိုသို့ ထင်ရှားသော်လည်း ပုဒ်မ ၇ သို့မဟုတ် ၈ ပါ ကင်းလွတ်ချက်များအရ တရားသေလွှတ်သည့် အခါတွင်ဖြစ်စေ တရားရုံးက ထိုကုန်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

(၂) ပြစ်မှုထင်ရှား၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်သည့်အခါ ပြစ်မှုထင်ရှားစီရင် ခြင်းအပေါ် အယူခံနိုင်ပါက အဆိုပါ သိမ်းဆည်းသည့် အမိန့်အပေါ်ကိုလည်း အယူခံနိုင်သည်။

(၃) တရားသေလွှတ်မှုတွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်အပေါ် ထိုကုန်စည်တန်ဖိုး ၅၀ ကျပ်ထက် ကျော်လွန်ပါက ချမှတ်သည့်နေ့မှ ရက် ၃၀ အတွင်း အယူခံနိုင်သည်။

၁၀-၁၁ ။ ပယ်ဖျက်ထားသည်။

၁၂။ (၁) စက်ရုံများ အက်ဥပဒေအရ အဓိပ္ပာယ် ဖွင့်ဆိုထားသော စက်ရုံတွင် ထုတ်လုပ်သော အရှည်အတိုင်း အထွာအားဖြင့် သို့မဟုတ် အရေအတွက်အားဖြင့် သာမန်အားဖြင့် ရောင်းချသည့် အရေအတွက်အလိုက် ကုန်စည် (piece-goods) ကို ၎င်း၏ အစစ်အမှန် အတိုင်းအထွာကို စံကိုက်ဖြင့် မတိုင်းတာဘဲ အဆိုပါ စက်ရုံနယ်နိမိတ် အတွင်းမှ ပြင်ပသို့ ထုတ်ယူခြင်းမပြုရ။

(၂) တစ်ဦးတစ်ယောက်သောသူသည် အထက်ပုဒ်မခွဲ (၁)ပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်ပြီး အဆိုပါကုန်ကို ပြင်ပသို့ ထုတ်ယူလျှင် အဆိုပါကုန် အပါအဝင် ထုတ်ပိုးသော ပစ္စည်းများအားလုံးကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းဆည်းခြင်း ခံရမည့်အပြင် အဆိုပါ ပုဂ္ဂိုလ်သည်လည်း ငွေကျပ်တစ်ထောင်အထိ ဒဏ်တပ်ခြင်း ခံရမည်။

၁၃။ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းသို့ ပင်လယ်ရေကြောင်းဖြင့် ကုန်သွင်းယူခဲ့ပါက ကုန်သွင်းခဲ့ကြောင်း ဆိပ်ကမ်းမှပေးသော အထောက်အထား (evidence of the port of shipment) သည် ဤအက်ဥပဒေအရ သော်လည်းကောင်း၊ ပင်လယ်အကောက်ခွန် အက်ဥပဒေပုဒ်မ ၁၈ အရသော်လည်းကောင်း တရားစွဲဆိုသော

ဖြစ်မှုတွင် ယင်းကုန်သည် ဖော်ပြပါ နေရာ သို့မဟုတ် နိုင်ငံတွင် ပြုလုပ် သို့မဟုတ် ထုတ်လုပ်ခဲ့ကြောင်း မြင်သာသော သက်သေခံချက် ဖြစ်စေရမည်။

၁၄။ (၁) တရားရုံးသည် အထက်ဖော်ပြပါ ပုဒ်မအရ စွဲဆိုသော အမှုတွင်သော်လည်းကောင်း၊ ကုန်သွယ်မှု ပစ္စည်းနှင့် အခြားသော အမှတ်တံဆိပ်များဆိုင်ရာ ရာဇသတ်ကြီးတွင်ပါ ပုဒ်မတစ်ရပ်ရပ်အရ စွဲသော အမှုတွင် လည်းကောင်း ရရှိထားသော သတင်းအချက်အလက်နှင့် တရားခံနှင့် တရားစွဲဆိုသူတို့၏ အပြုအမူတို့ကို ထောက်ထားပြီး တရားစွဲဆိုသူကို တရားခံကဖြစ်စေ၊ တရားခံက တရားစွဲဆိုသူကိုဖြစ်စေ အသီးသီး စရိတ်ပေးစေရမည်ဟု အမိန့်ချမှတ်နိုင်သည်။

(၂) အဆိုပါ စရိတ်များကို တရားရုံးသို့ လျှောက်ထားပြီး ဒဏ်ကြေးငွေကဲ့သို့ တောင်းခံခွင့်ရှိစေရမည်။

၁၅။ ဤအက်ဥပဒေအရ ပြစ်မှုကျူးလွန်သည့်နေ့မှ သုံးနှစ်အတွင်း သို့မဟုတ် ကုန်အမှတ်တံဆိပ် လိမ်လည်သုံးစွဲကြောင်း တွေ့ရှိရသည့် နေ့မှစ၍ တစ်နှစ်အတွင်း ထိုကာလနှစ်ရပ်အနက် ပထမဆုံး ဖြစ်ပေါ်သည့်ကာလအတွင်း တရားစွဲဆိုရမည်။ ထိုကာလကျော်လျှင် တရားစွဲဆိုခြင်း မပြုနိုင်။

၁၆။ (၁) နိုင်ငံတော်သမ္မတသည် ဤအက်ဥပဒေ မည်သည့်ပြဋ္ဌာန်းချက်များကိုမဆို အကျိုးသက်ရောက်မှု ရှိစေရန် ရာဇဝတ်တရားရုံးများက လိုက်နာရမည့် ညွှန်ကြားချက်များကို အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်နိုင်သည်။

(၂) ပုဒ်မခွဲ (၁)အရ ညွှန်ကြားချက်များတွင် အခြားသော အရာများအပြင် မည်သည့်ကုန်အမျိုးအစားအတွက် အမှုတွင်မဆို တရားရုံးက လက်ခံ၍ အသိအမှတ်ပြုရမည်ဖြစ်သော နံပါတ်၊ အရေအတွက်၊ အတိုင်းအထွာ၊ စံ သို့မဟုတ် အလေးချိန်တို့၏ အတိုင်းအတာ ကန့်သတ်ချက်ကို ထည့်သွင်း ပြဋ္ဌာန်းနိုင်သည်။

၁၇။ ဆန့်ကျင် ကွဲလွဲသောအားဖြင့် ရောင်းသူကသော်လည်းကောင်း၊ ၎င်း၏ကိုယ်စားသော်လည်းကောင်း ဖော်ပြ လက်မှတ်ရေးထိုးပြီး ရောင်းချစဉ် သို့မဟုတ် ပဋိညာဉ် ပြုစဉ်ပေးအပ်ပြီး ဝယ်သူက လက်ခံခြင်း ပြုသည်မှ တစ်ပါး ကုန်အမှတ်တံဆိပ် သို့မဟုတ် အမှတ်တံဆိပ် သို့မဟုတ် ကုန်သွယ်မှုဖော်ပြချက်နှင့် သက်ဆိုင်သော မည်သည့် ကုန်ကိုမဆို ရောင်းချခြင်း သို့မဟုတ် ရောင်းချရန် ပဋိညာဉ်တွင် အမှတ်တံဆိပ်သည် အစစ်အမှန် အမှတ်တံဆိပ် ဖြစ်၍ အတုအပ သို့မဟုတ် လိမ်လည်၍ သုံးစွဲထားခြင်း မဟုတ်ကြောင်း သို့မဟုတ် ကုန်သွယ်မှုဖော်ပြချက်သည် ဤအက်ဥပဒေပါ အဓိပ္ပာယ်အရ မမှန်ကန်သော ကုန်စည်ဖော်ပြချက် မဟုတ်ကြောင်း ရောင်းသူသည် အာမခံချက် ပေးသည်ဟု မှတ်ယူရမည်။

၁၈။ (၁) ဤအက်ဥပဒေတွင် ဖော်ပြပါရှိသော အကြောင်းတစ်စုံတစ်ရာကြောင့် မဟုတ်ပါက ဤအက်ဥပဒေပါ မည်သည့်အချက်အရမျှ မည်သူကိုမဆို တရားမမှုတစ်ခုခု သို့မဟုတ် တရားမှုခင်းတစ်ခုခု (proceeding) ကိုမဆို စွဲဆိုခံရခြင်းမှ ကင်းလွတ်ခွင့် မရရှိစေရ။

(၂) ဤအက်ဥပဒေပါ မည်သည့်အချက်အရမျှ တစ်ဦးတစ်ယောက်သောသူကို အပြည့်အစုံ ရှာဖွေဖော် ထုတ်ရန် သို့မဟုတ် တရားမမှုတစ်ခုခု သို့မဟုတ် တရားမှုခင်းတစ်ခုခုတွင် မေးခွန်းတစ်စုံတစ်ရာကို ဖြေဆိုရန် သို့မဟုတ် စုံစမ်းမေးမြန်းမှုကို ဖြေဆိုရန် ငြင်းဆိုခွင့်မရှိရ။ သို့ရာတွင် အဆိုပါ ရှာဖွေဖော်ထုတ်ခြင်း သို့မဟုတ် ဖြေဆိုခြင်းသည် ပုဒ်မ ၁၄ တွင် ဖော်ပြထားသော ထိုသူ့အပေါ် တရားစွဲဆိုရာ၌ ထိုသူ့အပေါ်တွင် သက်သေခံ အဖြစ် လက်ခံခြင်း မရှိစေရ။

(၃) ဤအက်ဥပဒေပါ မည်သည့်အရာမျှ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သော

အလုပ်ရှင် တစ်ဦးဦး၏ အလုပ်သမား တစ်ဦးအပေါ်တွင် ၎င်းသည် အဆိုပါ အလုပ်ရှင်၏ ညွှန်ကြားချက်အရ သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တရားစွဲဆိုသူ သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်က တောင်းဆိုချက်အရ ၎င်း၏ အလုပ်ရှင်နှင့်ဆိုင်သော သတင်းနှင့် ၎င်း၏အလုပ်ရှင်ထံမှ ရရှိသော ညွှန်ကြားချက်များကို အပြည့်အစုံ ထုတ်ဖော် ထွက်ဆိုလျှင် ထိုအလုပ်သမားအပေါ်တွင် အရေးယူခြင်း သို့မဟုတ် ပြစ်ဒဏ်ပေးခြင်း ပြုနိုင်သည်ဟု မမှတ်ယူရ။

၁၉။ ပြည်ထောင်စု သမ္မတသည် ဤအက်ဥပဒေ ပုဒ်မ ၁၂ နှင့် ပင်လယ်အကောက်ခွန် အက်ဥပဒေ ပုဒ်မ၁၈(စ) တွင် ဖော်ပြထားသော သာမန်အားဖြင့် အတိုင်းအထွာဖြင့် သို့မဟုတ် အရေအတွက်ဖြင့် ရောင်းချသော အရေ အတွက်အလိုက် ကုန်စည် (piece-goods) အမျိုးအစားများ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကြေညာနိုင်သည်။

၂၀။ (၁) ပြည်ထောင်စုသမ္မတသည် ဤအက်ဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ ကုန်စည်အမျိုးအစား တစ်ရပ်ရပ်၏ နံပါတ်၊ အရေအတွက်၊ စံ သို့မဟုတ် စံအတွက် ရွေးချယ်၍ စစ်ဆေးရမည့် ပမာဏနှင့် နမူနာ ရွေးချယ်ခြင်းတို့အတွက် နည်းဥပဒေများ ထုတ်ပြန်နိုင်သည်။

(၂) အထက်ပုဒ်မခွဲ (၁)တွင် ဖော်ပြပါနည်းအတိုင်း နည်းဥပဒေ မထုတ်ပြန်ရသေးပါက အမှုကိစ္စ အမျိုး အစားကိုလိုက်၍ တရားရုံး သို့မဟုတ် အကောက်ခွန် အရာရှိသည် ကုန်စည်၏ နံပါတ်၊ အရေအတွက်၊ အတိုင်းအထွာ၊ စံနှင့် အလေးချိန်ကို အတည်ပြုရန် လိုအပ်ပါက စာဖြင့် အမိန့်ရေးသားချမှတ်ပြီး ရွေးချယ်၍ စစ်ဆေးရမည့် နမူနာ အရေအတွက်နှင့် ရွေးချယ်ရမည့် နည်းလမ်းတို့ကို ဆုံးဖြတ်ရမည်။

(၃) အထက်ပုဒ်မခွဲ (၁)နှင့် (၂)တို့အရ အမှုကိစ္စ အသီးသီးနှင့် စပ်လျဉ်း၍ ကုန်စည်၏နံပါတ်၊ အရေအ တွက်၊ အတိုင်းအထွာ၊ စံ သို့မဟုတ် အလေးချိန်နှင့် စပ်လျဉ်း၍ စမ်းသပ်စစ်ဆေးချက်များ၏ ပျမ်းမျှသည် မြင်သာသော သက်သေခံချက် ဖြစ်စေရမည်။

(၄) ပုဒ်မခွဲ(၁) သို့မဟုတ် ပုဒ်မခွဲ(၂)အရ ကုန်စည်တစ်ရပ်ရပ်၏ နမူနာကို စစ်ဆေးမှုအပေါ်တွင် အကျိုး သက်ဆိုင်သော ပုဂ္ဂိုလ်သည် ထပ်မံ၍ ရွေးချယ်ပြီး စမ်းသပ်စစ်ဆေးမှု ခံယူလိုပါက စာဖြင့်ရေးသားပြီး ထပ်မံ စစ်ဆေးမှုအတွက် ကုန်ကျစရိတ် ကျခံပါမည်ဟု ဖော်ပြပြီး တရားရုံးသို့မဟုတ် အကောက်ခွန် အရာရှိထံသို့ တင်ပြပါက ကျိုးကြောင်းဆီလျော်သည်ဟု ယူဆပါက ယင်းသို့ထပ်မံ ရွေးချယ်စစ်ဆေးခြင်းကို ခွင့်ပြုနိုင်သည်။

(၅) ပုဒ်မခွဲ (၃)နှင့် ပုဒ်မခွဲ(၄)အရ စစ်ဆေးတွေ့ရှိချက်များ၏ ပျမ်းမျှအဖြေသည် အဆိုပါ ကုန်စည်၏နံပါတ်၊ အရေအတွက်၊ အတိုင်းအထွာ၊ စံနှင့် အလေးချိန်တို့နှင့် ပတ်သက်၍ အပြီးသတ် သက်သေခံချက် ဖြစ်စေရမည်။

(၆) ဤပုဒ်မအရ ပြဋ္ဌာန်းသော နည်းဥပဒေများကို ပုံနှိပ်ထုတ်ဝေပြီးမှ ထုတ်ပြန်စေရမည်။

၂၁။ ဤအက်ဥပဒေ အာဏာတည်စေခြင်းငှာ တာဝန်အရ ပါဝင်ဆောင်ရွက်ရသော အစိုးရအရာရှိ တစ်ဦးအား မည်သည့်တရားရုံးတွင်မျှ ဤအက်ဥပဒေအရ ပြစ်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ကျူးလွန်မှုအတွက် သတင်းမည်သို့ ရရှိကြောင်း ထုတ်ဖော်မေးမြန်းခြင်း မပြုစေရ။

၂၂။ ဤအက်ဥပဒေအရ သို့မဟုတ် ပြစ်မှုဆိုင်ရာ ဥပဒေအခန်း ၁၈ ပါ ပုဒ်မများအရ ပြစ်မှုကို ကျူးလွန်ရန် ပြည်ပတွင် အားပေးကူညီခဲ့ပြီး ထိုပြစ်မှုကို ပြည်တွင်းတွင် ကျူးလွန်လျှင် အဆိုပါ အားပေးကူညီသူ သည် ပြည်တွင်းတွင် ရှိနေပါက ကိုယ်တိုင် ကျူးလွန်သကဲ့သို့ ပြစ်ဒဏ်ချမှတ်နိုင်သည်။